မာလာ ဂန္ဓ သိက္ခာပုဒ်၌ အနက်ပေးပုံမှာ ဆရာများ သိ ဘွယ်၌ အကျယ်ရှင်းပြသည့်အတိုင်း သိလောက်ပြီ၊ ထို့ကြောင့် ထပ်၍ ရေးဘွယ်မလို၊ ထိုအကျယ်ကို ပြန်၍ရှုပါ။

ဥစ္စာသယန မဟာသယန၌“မဟာ”အရဝယ် အထည်ဝတ္ထု ကြီးခြင်း ခမ်းနား ဆန်းကြယ်ခြင်းများ ပါဝင်၏၊ တကျိုပ် ခြောက်ယောက်သော ကခြေသည်တို့ ကလောက်သော ကော် ဇောသည် ကြီး၏၊ လက်လေးသစ်ထက် အမွေးရှည်သော ကော်ဇောသည် ခမ်းနား၏၊ ပန်းပွင့် အရုပ်တို့ဖြင့် ယက်လုပ် အပ်သော ကော်ဇောသည် ဆန်းကြယ်၏၊ ထိုအားလုံး သိုး မွေးဖြစ်လျှင် မအပ်။

ဇာတရူပ ရဇတပဋိဂ္ဂဟဏော၌ “ နေဝ နံ ဥဂ္ဂဏှာတိ, န ဥဂ္ဂဏှာပေတိ, န ဥပနိက္ခိတ္တံ သာဒယတိ” ဟူသော သီလက္ခန် အဋ္ဌကထာအတိုင်း ပေးသည်၊ ပဋိဂ္ဂဟဏပုဒ်ကို ဧကသေသ် လုပ်စေလိုသည်။

ဘိက္ခုနိံ အနတ္ထာယကို အဝါသာယ၏ရှေ့၌ထားခြင်းကား မဟာဝါပါဠိတော်အတိုင်း ထားခြင်းတည်း၊ အဝါသာယကို လည်း “ကိန္တိ ဣမဿိံ အာဝါသေ န ဝသေယျုံတိ ပရက္ကမတိ၊ အဘယ်နည်းဖြင့် ဤ ကျောင်းတိုက်၌ မနေနိုင်ပါ ကုန်ရာအံ့ နည်း” ဟူသော အဖွင့်အတိုင်း ပေးသည်။

လိမ်ဆယ်ပါး ဒဏ်ဆယ်ပါး ပြီး၏။